တိုင်းရင်းသားကျန်းမာရေးကော်မတီ

Ethnic Health Committee

## COVID– 19 ကိုရိုနာဗိုင်းရပ်စ်ရောဂါနှင့် စပ်လျဉ်း၍

## အစိုးရ၏ ညှိနှိုင်းပူးပေါင်းရေး ကော်မတီဖွဲ့စည်းခြင်းဆိုင်ရာ ထုတ်ပြန်ကြေငြာချက် အပေါ် တိုင်းရင်းသားကျန်းမာရေးကော်မတီ၏ သဘောထားထုတ်ပြန်ချက်

နေ့စွဲ။ ။ မေလ ၆ ရက် ၂၀၂၀။
တိုင်းရင်းသားကျန်းမာရေးကော်မီတီ

ဧပြီလ ၂၇ ရက် နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံးမှ (COVID–19) ကိုရိုနာဗိုင်းရပ်စ်ရောဂါ ထိန်းချုပ်ကာကွယ်ရေးကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်သားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် **"ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးကော်မတီဖွဲ့စည်းခြင်း"** ကို ထုတ်ပြန်ကြေငြာခဲ့သည်။ နိုင်ငံတော်အစိုးရမှ COVID–19 ကူးစက်ရောဂါကို တိုက်ဖျက်ရန်အတွက် **မည်သူ့ကိုမှ ချန်လှပ်မထားရေးမူဝါဒ "no one left behind policy"** ကိုအတိအလင်းပြောကြားခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အုပ်ချုပ်သည့်ဒေသများတွင်ရှိသော တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၏အခန်းကဏ္ဍကို အသိအမှတ်ပြုသောကြောင့် အထက်ဖော်ပြပါ ကော်မတီဖွဲ့စည်းခြင်း ကြေငြာချက်ကို ကျွန်ုပ်တို့ တိုင်းရင်းသားကျန်းမာရေးကော်မတီ(EHC)မှ ကြိုဆိုပါသည်။

ဤ(COVID–19)ကိုရိုနာဗိုင်းရပ်စ် ရောဂါသည် ကမ္ဘာလုံးဆိုင်ရာ ကူးစက်ရောဂါ ဖြစ်သောကြောင့် ၎င်းရောဂါတိုက်ဖျက်ရေးအတွက်ကဏ္ဍအားလုံးတွင်ပူးပေါင်းပါဝင်ရန်လိုအပ်သည်ဟု ကျွန်ုပ်တို့မှအခိုင်အမာယုံကြည်ပါသည်။အားလုံးကာကွယ်နိုင်ရေးအတွက် လူ့အဖွဲ့အစည်း (society) တိုင်းကို တန်းတူညီမျှအကာအကွယ်ပေးရမည်ဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အခြေပြုရာဒေသများတွင် (COVID–19) ရောဂါကာကွယ်၊ထိန်းချုပ်ဆောင်ရွက်ရေးလုပ်ငန်းတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကို ခြိမ်းခြောက်တားမြစ်ခြင်း နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ်ထိုးစစ်ဆင်နေမှုကို ဦးစွာ ရပ်တန့်ရန်လိုအပ်ပေသည်။ ၎င်းအပြင်တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၏ လုပ်ကိုင်နိုင်မှုစွမ်းရည်မြှင့်တင်ပေးခြင်းအပါအဝင် ရောဂါကာကွယ် ထိန်းချုပ်ရေးအကူအညီအထောက်အပံ့များ ရရှိရန်လိုအပ်ပေသည်။ နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းအနေဖြင့် ဗဟိုအစိုးရ၏ ကျန်းမာရေးဖွဲ့စည်းမှုတစ်ခုတည်းကိုသာထောက်ပံ့ခြင်းသည် တိုင်းရင်းသားဒေသများတွင် နေထိုင်သူများအပေါ်ရောဂါကူးစက်မှု ပိုမိုဆိုးရွားစေနိုင်သည်သာမက မြန်မာနိုင်ငံရှိ လူတိုင်းရောဂါကူးစက်မှုပိုမိုဆိုးရွားစေနိုင်သည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် (COVID–19) ကိုရိုနာဗိုင်းရပ်စ်ရောဂါကို ထိထိရောက်ရောက် ထိန်းချုပ်ကာကွယ်နိုင်ရေးအတွက် အောက်ပါအချက်များကိုလည်း အကောင်အထည်ဖေါ်ဆောင်ရွက်ရန် တိုက်တွန်းအကြံပြုအပ်ပါသည်။

1. မြန်မာနိုင်ငံရှိလူမျိုးဘာသာဒေသမရွေး ဤ(COVID–19)ကိုရိုနာ ဗိုင်းရပ်စ်ရောဂါကို အတူတကွ တိုက်ဖျက်နိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ နှင့် ဥရောပသမဂ္ဂ တို့၏ တောင်းဆိုချက်များအတိုင်း တိုင်းရင်းသားဒေသများတွင်၎င်းတို့၏ (ထိုးစစ်ဆင်တိုက်ခိုက်မှု)များကိုချက်ချင်းရပ်တန့်ရန်နှင့်ရောဂါကာကွယ်ထိန်းချုပ်ရေးကိုလုပ်ဆောင်နေသော တိုင်းရင်းသားကျန်းမာရေး အဖွဲ့အစည်းများ အပေါ် ခြိမ်းခြောက် တားမြစ်ခြင်းများ ရပ်တန့်ရန် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အား တောင်းဆို ပါသည်။

2. တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရာနေရာများ တွင်ရှေ့တန်းမှ (COVID–19) ကိုရိုနာ ဗိုင်းရပ်စ်ရောဂါ ကာကွယ်ထိန်းချုပ်နေသော တိုင်းရင်းသားကျန်းမာရေး အဖွဲ့အစည်း(EHOs)များ သို့ ကိုဗစ် ရောဂါကာကွယ်ရေးရံပုံငွေများ တိုက်ရိုက် ထောက်ပံ့ရန် ပြည်တွင်းနှင့် နိုင်ငံတကာ အလှူရှင်များ အား တောင်းဆိုပါသည်။

3. ဤကူးစက်ရောဂါအခြေအနေသည် ပြည်နယ်အလိုက် မတူကွဲပြားသော လိုအပ်ချက်များနှင့် အန္တရာယ်များရှိသောကြောင့် ဒေသတစ်ခုချင်းစီတွင် (COVID–19)ကူးစက်ရောဂါကိုတိုက်ဖျက်နိုင်ရန်အတွက် ပြည်နယ်ကျန်းမာရေးနှင့်အားကစားဦးစီးဌာန (State Health and Sport Department, SHSD) နှင့်တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်း (Ethnic Health Organization, EHO)တို့ ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်၍အပြန်အလှန်အသိအမှတ်ပြုရမည်။

တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများမှ (COVID–19)ကိုရိုနာဗိုင်းရပ်စ်ရောဂါအားထိန်းချုပ်ကာကွယ်နိုင်ရေး အတွက် နိုင်ငံတကာ ကျန်းမာရေးအဖွဲအစည်းများ၊ ပြည်တွင်းကျန်းမာရေးအဖွဲအစည်းများ၊ တိုင်းရင်းသားလူထုများနှင့် အတူတကွ ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။

**ဆက်သွယ်ရန် –**

နိုင်ဗညားမွန်။ ။ +66 843 945 434

မန်းမန်း ။ +66 879 438 750

စောနေထူး ။ +66 811 902 217